
ဘာသာပြန် စာရေးဆရာ - ညာကျော်လင်းထက်
ကြီးမြတ်သောသခင်
(လင်းယွန်)
(Chapter 1625-1638)
စာစဉ်-၁၁၇

အခန်း ၁၆၂၅
မင်းကို ငါသတ်ချင် နေတာ ကြာပြီ။
*

မိုင် ရာဂဏန်း အကွာတွင် ငွေရောင် လမင်းကြီး တစ်စင်း အလား၊ လရောင်များ ခြုံလျက်၊ ရန်ကောင်း ပေါ်လာသည်။

" စီနီယာ အစ်ကို ရန် ... ။ "

ရန်ကောင်း၏ အသွင် အပြင်ကြောင့်၊ တိုက်ပွဲဝင် နေသည့်၊ လူအုပ် ကြီးမှာ ရုတ်ချည်း တုန်လှုပ် သွားလေသည်။

ဤနယ်မြေ အတွင်း ဝင်ရောက် လာသည့်၊ မည်သူ မဆို ကောင်းကင်ယံ ဂိုဏ်း၏ ထိပ်သီး သုံးဦးကို သိချေသည်။

၎င်းတို့သည် ထျန်ရွှမ်ဇီမှ ကိုယ်တိုင် သင်ကြား ပေးခဲ့သော ရွှေမျိုးဆက် ပါရမီရှင်များ ဖြစ်၏။

" ရှေးဟောင်း ပျက်သုဉ်း မြေရဲ့ ... ၊ ပြိုင်ဘက်ကင်း ကောင်းကင်ဘုံ သူတောင်စင် ဘုရင်။ "

" ရှေးဟောင်း ပျက်သုဉ်း မြေရဲ့ ... ၊ ပြိုင်ဘက်ကင်း ကောင်းကင်ဘုံ သူတောင်စင် ဘုရင်။ "

" ရှေးဟောင်း ပျက်သုဉ်း မြေရဲ့ ... ၊ ပြိုင်ဘက်ကင်း ကောင်းကင်ဘုံ သူ

တောင်စင် ဘုရင်။ "

ရန်ကောင်းကို မြင်သည်နှင့် ကောင်းကင်ယံ ဂိုဏ်းမှ တပည့် များက အော်ဟစ် ကြွေးကြော် တော့သည်။

" ငါ ... ရန်ကောင်း ဒီမှာ ရှိတယ်၊ သက်တံဓား သူတော်စင် တပည့် လာပြီး အသေခံပါ။ "

ရန်ကောင်းက သူ့လက်ကို ဝှေ့ယမ်းပြီး၊ ဓားဂိုဏ်းမှ တပည့် တစ်ဦး၏ လည်ပင်းထံ ဆုပ်ကိုင် လိုက်သည်။

" ဟား ဟား ဟား ... ၊ လင်းယွန် မင်းက မာန ကြီးတယ် မဟုတ်လား၊ တောင်းပန်ရင် ငါ သူ့ကို လွှတ်ပေးမယ်။ "

ထိုစကားကြောင့် အဖမ်းခံရသော တပည့်က၊

" ငါတို့ ဓားဂိုဏ်းရဲ့ ... ၊ တပည့်တွေက သေရမှာ ဘယ်သူမှ မကြောက်ဘူး၊ ငါ့ အသက်ကို သုံးပြီး၊ မင်း ခြိမ်းခြောက်ဖို့ လုံးဝ မစဉ်း စားနဲ့။ "

-ဟု အော်ဟစ်လျက်၊ နဂါး မူလကို ဖြန့်ကျက်ပြီး၊ သူ့ကိုယ်သူ လောင်ကျွမ်း ပစ် လိုက်သည်။

" အစ်ကိုလင်း၊ ငါ့ အတွက် လက်စား ချေပေးပါ။ "

" ဖောင်း ... ။ "

လောင်ကျွမ်း နေလျက်မှ လင်းယွန်အား မှာကြား ပြီးနောက်၊ ပေါက်ကွဲ ပျောက်ကွယ် သွား လေသည်။

ယင်းက မီးရှူး မီးပန်းကဲ့သို့၊ အချိန် အနည်းမျှသာ လင်းထိန် သွားပြီး၊ ချက်ချင်း ပျောက်ကွယ် သွားသည်။

" ဟား ဟား ဟား ... ဓားဂိုဏ်းရဲ့ တပည့် တွေက တကယ့်ကို ခေါင်းမာ တာပဲ။ "

ရန်ကောင်းက ရယ်မောလျက် ကြည့်နေခဲ့သည်။

" ရန်ကောင်း ... ၊ မင်း သေချင်နေတဲ့အတွက်၊ မင်းရဲ့ ဆန္ဒကို ... ၊ ငါ ဖြည့်ဆည်း ပေးမယ်။ "

လင်းယွန် မျက်လုံးများ အေးစက်စွာ တောက်ပလာသည်။ ပြီးနောက် လက်ဖွေ့ယမ်းလျက်၊ ရန်ကောင်းထံ အားယူတော့၏။

ဤမြင်ကွင်းက ကုန်းစွန်းယန်နှင့် ကြယ်နှစ်ဖော်ကို မျက်နှာ ပြောင်းလဲ သွားစေသည်။

ထိုအရပ်သည် သူတော်စင် နက္ခတ် နှင်းတောင်ကြား၏ အတွင်းပိုင်းဖြစ် ပြီး၊ လင်းယွန် အတွက် အန္တရာယ်များ ချေ၏။

" ဟား ဟား ဟား ...။ "

ရယ်မော သံနှင့်အတူ ရန်ကောင်းမှ၊ ရိပ်ခနဲ ပျောက်ကွယ် သွားသည်။ လ င်းယွန်သည်လည်း နှောက်နှေးခြင်း မရှိဘဲ၊ မြေပြင်ပေါ် ဆင်းသက် လိုက်၏။

မြေပြင်တွင် ဆီးနှင်းများ ဖုံးလွှမ်းနေပြီး အလောင်းများ ပျံ့ကျဲနေ၏။ ထို အလောင်းများထဲတွင် ဓားဂိုဏ်းနှင့် ကောင်းကင်ယံဂိုဏ်း၏ တပည့်များ အပါ အဝင်၊ အင်အားကြီး ဂိုဏ်း ရှစ်ဂိုဏ်း၏ တပည့်များ ပါဝင်သည်။

ရန်ကောင်းက လင်းယွန်နှင့် နီးသော တောင်ကုန်း တစ်ခုပေါ် ဆင်းသက် လာကာ၊ အေးစက်စွာ စိုက်ကြည့်လာသည်။

" ဝှစ် ...။ "

ရုတ်တရက် ဆိုသလို ရန်ကောင်း ဘေးနားသို့၊ နောက်ထပ် လူရိပ် (၇) ရိပ် ဆင်းသက် လာသည်။

၎င်းတို့သည် ဂိုဏ်းပေါင်းစုံမှ တပည့်ကြီးများ ဖြစ်ကြပြီး၊ ရွှေမျိုးဆက်

ထူးချွန်သူများ ဖြစ်လေသည်။

အရှေ့ဘက် ပျက်စီးခြင်း နန်းတော်နယ်မြေ၌ အထက်တန်းစားများအဖြစ်၊ သတ်မှတ်၍ ရပေသည်။

၎င်းတို့၌ ထိပ်တန်းအဆင့်၊ သူတော်စင်လက်ရာများ ပိုင်ဆိုင်ထားသည့် အပြင်၊ ဘုန်း သူတော်စင် လက်ရာများပင် ရှိကြသည်။

" ဟား ဟား ဟား ...၊ မင်း တကယ် လာဝံ့တာပဲ၊ ဒီနယ်မြေကို မဝင်ခင်ထဲက မင်းကို ပါးရိုက်ပြီး၊ သတ်ချင်နေတာ။ "

" ညီအစ်ကိုရန်၊ မင်းက အရမ်းယဉ်ကျေးလွန်းတယ်၊ သက်တံဓား သူတော်စင်က သေလူ တစ်ယောက်မို့၊ သူ့ တပည့်ကို ဘယ်သူက ဂရုစိုက်နေမှာလဲ။ "

" လက်ရှိ ရှေးဟောင်း ပျက်သုဉ်း မြေရဲ့ အုပ်စိုးရှင်က၊ ကောင်းကင်ဘုံ သူတော်စင် သခင် ဆိုတာ၊ ဘယ်သူ မဆို သိပါတယ်။ "

" ဟုတ်တယ် ... ကောင်းကင်ယံ ဂိုဏ်းက ရှေးဟောင်း ပျက်သုဉ်းမြေကို၊ မကြာခင် စိုးမိုး နိုင်လိမ့်မယ်၊ ဓားဂိုဏ်းက မြင့်မြတ်မြေ ပြန် ဖြစ်ချင်လို့လား၊ အိပ်မက် မက် မနေနဲ့။ "

" ငါ့ဘဝ တစ်လျှောက်၊ ဒီလောက် မိုက်တဲ့ လူမျိုး မတွေ့ ဖူးသေးဘူး၊ လာပြီး အသေခံနေမှ တော့ ...၊ ငါတို့က သူ့ ခေါင်းကို ယူလိုက် ရုံပါပဲ။ "

တပည့်ကြီး (၇) ဦးမှ ဝိုင်းအော် လာကြသည်။ သူတို့ အားလုံးသည်၊ ကောင်းကင်ယံ ဂိုဏ်းထံ၊ လက်နက်ချထားသည်။

" ဘယ်လိုတောင် များလိုက်တဲ့ ဖွဲ့စည်းမှု ကြီးလဲ။ "

လင်းယွန်က ပြုံးကာ ကြည့်လိုက်၏။

" ဘာလို့လဲ ...၊ မင်း နောင်တရနေတာလား၊ ဟား ဟား ဟား ... ဒါဆို

တောင်းပန်လိုက်ပါ၊ ငါတို့ စဉ်းစားပေးမယ်။ "

" တောင်းပန်ရမယ် ... ဟုတ်လား၊ စိတ်မကောင်းပါဘူး၊ ငါ ဒီကို လူသတ်မို့လာတာ၊ တောင်းပန်ဖို့ မဟုတ်ဘူး၊ ဒီနေ့ မင်းတို့ ထဲက ဘယ်သူမှ လွတ်မယ် မထင်နဲ့။ "

လင်းယွန်မှ တည်ငြိမ်စွာ ပြန်ပြောသည်။

" ဟား ဟား ဟား ...။ "

ထိုစကားကြောင့် လူတိုင်း အနည်ငယ်မျှ အံ့အားသင့်သွားပြီးနောက် ဝါးလုံးကွဲ ရယ်မော လာကြသည်။

" ဟား ဟား ဟား အစ်ကို ရန်၊ ငါတို့ ထဲက ဘယ်သူမှ မလွတ်မြောက် နိုင်ဖူးလို့၊ သူ ပြောနေ တာပဲ။ "

" ဟား ဟား ဟား ...။ "

" အခုချိန် တောင်ကြား ထဲမှာ ...၊ ပိတ်မိနေတဲ့ မင်းရဲ့ ဂိုဏ်းသားတွေ အတွက်၊ စိုးရိမ် သင့်တယ်၊ မူရွယ်ချင်းက သဘော ကောင်းပြီး၊ ကျန့်ကျင်းရှန် သမီးက အရမ်း လှတယ်လို့ ငါ ကြားတယ်။ "

ရန်ကောင်းမှ လှောင်ပြောင်လိုက်သည်။ ထိုစကားများက လင်းယွန်ကို ပို၍ အေးစက်လာ စေသည်။ ရန်ကောင်းမှ သူ့ဘေးရှိ လူများကို ဝေ့ကြည့်ပြီး၊

" မင်းတို့ ... ဘယ်သူမှ ဝင် မပါနဲ့၊ ဒီနေ့ သူ့ကို ငါကိုယ်တိုင် နှိမ်နှင်းမယ်။ "ဟု အသိပေး လိုက်သည်။

ကောင်းကင်ရှိ တိမ်တိုက်များ ကွဲအက်သွားပြီး၊ လရောင်များက သူ့ အပေါ်သို့ ဖြာကျ လာသည်။

များမကြာခင် လမင်း ကောက်ကြောင်း သူ့နောက်၌ ပေါ်လာ၏။ လင်းယွ

န်ကို တစ်ဦးတည်း ခွန်အားဖြင့်၊ ကိုင်တွယ် ဖြေရှင်းနိုင် မည်ဟု ယုံကြည်သည်။

သက်တံဓား သူတော်စင်၏ တပည့် ဖြစ်သော်မှ၊ ယနေ့ သတ်ရန် ရည်မှန်းထားပြီးဖြစ်၏။ မည်သူမျှ သူ့ကို မကယ်တင် နိုင်ချေ။

" လင်းယွန် ... မင်းကို ငါ သတ်ချင် နေတာ ကြာပြီ။ "

ရန်ကောင်း အနား၌ ကြယ်ရောင်များ စုရုံးလာ သည်နှင့် အမျှ၊ ငွေလမင်းမှာ ထင်ရှားလာသည်။

၎င်းသည် ပြဒါးဖြင့် ဖန်တီးထားသော လတစ်စင်းအလား၊ ထင်မှားစေသည့် သူ့ နက္ခတ် ဖြစ်၏။

သက်တံဓား သူတော်စင် တပည့်ကို နှိမ်နင်းရာ၌၊ ဤနက္ခတ်အား အသုံးပြုရန် ထိုက်တန် ပေသည်။

" ဟိတ် ... ။ "

လက်ဖဝါးကို တွန်းထုတ် လိုက်သောအခါတွင်၊ ငွေလမင်း နောက်မှ တိမ်ဖြူများ လွင့်ထွက် သွားပြီး၊ ဓား ရည်ရွယ်ချက်ကို ကန့်လန့်ကာ တစ်ခုလို ပိတ်ချလိုက်၏။

" ဒူး ထောက် ... ။ "

ပြီးနောက် ရန်ကောင်းက လင်းယွန် ခေါင်းကို လှမ်းဆွဲ လိုက်သည်။ နောက်အခိုက်အတန့်တွင်၊ မြေပြင်တစ်ခုလုံး ပြင်းထန်စွာ တုန်ခါလာတော့၏။

" အရမ်း အားနည်းတယ် ... ။ "

" ရန်ကောင်းက ကောင်းကင် ကျမ်းကို အဆုံးထိ ထုတ်မထားတာတောင်၊ လင်းယွန်ရဲ့ ဓား ရည်ရွယ်ချက်က၊ ဖိနှိမ် ခံနေရပြီ။ "

" မှန်တယ် ... လင်းယွန်ရဲ့ ခွန်အားက တကယ့် ပါရမီရှင် တစ်ယောက် ရှေ့မှာဆို၊ ဘာမှ မဟုတ်ပါဘူး၊ ခုပဲ ကြည့် ... အရိယာ ကောင်းကင်ဓား ပြို ကျနေပြီ။ "

လင်းယွန်၏ ဓားရောင်ဝါ ဖိနှိပ်ခံ နေရသည်ကို တွေ့မြင်သောအခါတွင်၊ လူတိုင်းက ခေါင်းယမ်းလျက် ဆိုလာကြသည်။

သို့သော် လင်းယွန်က ခေါင်းမော့လျက်၊ လက်ဖဝါးဖြင့် ပြန်၍ တွန်းထုတ်လိုက်သဖြင့်၊ အားလုံး အံ့သြကုန်သည်။

" ဒူး ထောက် ... ။ "

ထိုမြင်ကွင်းကြောင့် ရန်ကောင်းမှ ဒေါသထွက်လာပြီး၊ ချက်ချင်း ငွေ တောင်ပံတစ်စုံအား ဆင့်ခေါ်ကာ၊ အားထပ်ဖြည့်လိုက်၏။

ငွေတောင်ပံ ထွက်ပေါ်လာသည်နှင့်၊ မီးလျှံများ တောက်လောင် လာသည်။ ရှားပါး ရေခဲ-မီး ရည်ရွယ်ချက် ဖြစ်ချေ၏။

" ဖရူး ... ။ "

လင်းယွန်သည်လည်း ရွှေကျီးကန်း တောင်ပံတစ်စုံကို ဖြန့်ထုတ်လိုက်၏။ ယင်းက လေထု အလယ် ပျံဝဲ နေသော နေမင်း အလား၊ သူ့ကို ခွန်အား ပေးသည်။

" ဝုန်း ... ။ "

ရွှေကျီးကန်း တောင်ပံမှ၊ မြင့်မြတ်သော မီးတောက်များ လွင့်ထွက် လာပြီး၊ မီးတောက် နှစ်ခု တိုက်မိသွား၏။

မိုင်တစ်ရာပတ်လည်အား၊ မီး ပင်လယ်အဖြစ် ပြောင်းလဲသွားစေသည်။ ကြောက်စရာ ကောင်းသော ရောင်ဝါများ ထွက်ပေါ် လာ၏။

ပဌမတန်း ရေခဲ-မီး ရည်ရွယ် ချက်ကို ဆုပ်ကိုင်ထားသည့်၊ စတုတ္ထ

သွေးလွှတ်ကြော နယ်ပယ်မှ ရန်ကောင်းသည်၊ လင်းယွန်အား အနိုင်မယူနိုင်ခဲ့ချေ။ မယုံနိုင်စရာ ပေပင်။

လင်းယွန်မှ နဂါး-ဖီးနစ် ကမ္ဘာဖျက် ဆေးအိုးကို ဆင့်ခေါ် လိုက်၏။ ၎င်းမှ လာသော အဖျက် စွမ်းအားများ၊ သူ့ ခန္ဓာကိုယ်အတွင်း စီးဆင်း လာသည်။

ရောင်ဝါ ကန့်သတ်ချက်ကို ချက်ချင်း ဖြတ်ကျော်ပြီး၊ ပဥ္စမမြောက် သွေးလွှတ်ကြော နယ်ပယ်သို့ ရောက်ရှိ သွား၏။

" မင်း ... ဘယ်လို သတ္တိ ရှိတာလဲ ။ "

" ဝှစ် ... ဝှစ် ... ဝှစ် ...။ "

ရန်ကောင်း တစ်ယောက် နောက်ပြန်ဆုတ်လျက်၊ လေထဲ လက်ဖဝါးများ ဆက်တိုက် ရိုက်နှက်ကာ၊ လင်းယွန်ကို ဟန့်တားလေသည်။

" ကောင်းကင်မှာသာတဲ့ လ။ "

လက်ဖဝါးထဲ၊ လရောင်ခြည်များ စုရုံးစေလျက်၊ လင်းယွန်၏ ရွှေကြိုးကန်း တောင်ပံများထံ၊ အားကုန် ရိုက်ချ လိုက်သည်။

" ဖပ် ...။ "

သို့သော် ရွှေကြိုးကန်း နတ်ရှုရ် အသက် ဝင်လာ သဖြင့်၊ သူ၏ လက်ဖဝါးသည် တောင်ကို ထိမိသွား သကဲ့သို့၊ ခံစား လာရ၏။

ထိုအချိန်၌ ခေါက်ချိုး ကာထားသော၊ ရွှေကြိုးကန်း အတောင်ပံ များကို ဖွင့်လျက်၊ လင်းယွန်မှ သူ့အား အဝေးသို့ ရိုက်ထုတ်လာသည်။

" ဝေါ့ ...။ "

ရှောင်တိမ်းရန် ပြင်လိုက်သော်လည်း၊ နောက်ကျသွားသည်။ 'ဘုန်း'ခနဲ ရိုက်မိပြီး၊ သွေးအန်လျက် လွင့်စဉ် တော့၏။

" နဂါး ထွက်သက်။ "

" ခရစ် ...။ "

ယင်းက အဆုံး မပှတ် သေးချေ။ တိမ်တိုက်များ ကြားမှ နဂါး လက်သည်းကြီး ထွက်ပေါ် လာပြန်၏။

ထို့ကြောင့် ငွေတောင်ပံများခေါက်လျက်၊ လုံအောင်ကာမိသည်။ သို့သော် ရွှေကျီးကန်း တောင်ပံ များက၊ သူ့ ငွေတောင်ပံ များကို ဓား နှစ်လက် အလား၊ လှီးဖြတ် ပစ်၏။

" အား ...။ "

နာကျင်လှ သဖြင့်၊ အသံကုန် ခြစ်အော် မိသည်။ ငွေတောင်ပံ ပြတ်ထွက်ကာ သွေးများ စီးကျ နေစဉ်၊ နဂါး လက်သည်းကြီးက အတားအဆီး မဲ့စွာ ကျဆင်း လာတော့၏။

***